ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

မူဆယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မန့်ဟိုင်းကျေးရွာ၊နောင်ဆိုင်ကျေးရွာအုပ်စု၊မူဆယ်မြို့နယ်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ရက်

Scanned with CamScanner

မာတိကာ

စာမျက်နှာ

မာတိကာ (၁-၃)

စကားချီ (၄-၄)

မန့်ဟိုင်းကျေးရွာ သယံဇာတပြဖြေပုံ၊ရာသီခွင်ပြဇယား၊ကျေးရွာတွင်း/ပြင်အဖွဲ့အစည်းချိတ်ဆက်ပြပုံ

ဖွံ့ဖြိုးရေးဗျူဟာဇယား

၁။နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု (၅-၇)

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ (၇-၇)

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ (၇-၈)

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်ကျွမ်းကျင်မှုများ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ (၈-၁၀)

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(င) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

(စ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများအဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ (၁၀-၁၁)

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ (၁၁-၁၃)

(က) အကောင်အထည်ဖော်နည်းဗျူဟာ

(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

၇။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ (၁၃-၁၄)

Scanned with CamScanner

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် (၁၄-၁၄)
၉။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ (၁၄-၁၅)
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာအစီအစဉ်များ
၁၀။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း (၁၅-၁၆)
(က) ကြီးကြပ်စစ်ဆေးခြင်း
နည်းပညာဆိုင်ရာအကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
ဇယား၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ
ဇယား၃ ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား၄ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား၆ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား၇ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ
ဇယား၁၀ ကုန်စည်နှင့်ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီးမှုအခြေအနေ
ဇယား၁၁ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား၁၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား၁၆ ကျောင်းတက်နှုန်း
ဇယား၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၁၈ အဖြစ်များသောရောဂါများ
ဇယား၁၉ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား၂၀ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား၂၁ သောက်သုံးရေရရှိနိုင်မှု

Scanned with CamScanner

ဇယား ၂၂ အိမ်သာအမျိုးအစား
ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ
ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
ဇယား ၂၅ ကျား-မရေးရာ

Scanned with CamScanner

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ၂၀၂၃-၂၀၂၄ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ကိန်းဂဏန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မန့်ဟိုင်းကျေးရွာ
မူဆယ်မြို့နယ်

Scanned with CamScanner

နောင်ဆိုင်ကျေးရွာအုပ်စု၊မန်ဟိုင်းကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးစိုင်းအိုက်	ဦးစံစော	၁၃/မဆတ(နိုင်)၀၄၇၀၈၂	၄၂နှစ်	ဥက္ကဋ္ဌ	၀၉-၇၆၉၅၁၃၅၈၆
၂။	ဒေါ်နန်းခင်မွေး	ဦးခမ်းဆွဲ	၁၃/မဆတ(နိုင်)၀၅၂၉၁၄	၃၉နှစ်	အတွင်းရေးမှူး	၀၉-၇၈၉၆၀၇၇၀
၃။	ဦးစိုင်းချစ်အောင်	ဦးမိုင်ဆိုင်	၁၃/မဆတ(နိုင်)၀၆၉၂၆၁	၄၈နှစ်	စာရင်းကိုင်	၀၉-၇၆၂၈၅၆၂၃
၄။	ဒေါ်နန်းကြာယုံ	ဦးရွက်ငင်းရီ	၁၃/မဆတ(နိုင်)၀၅၂၆၉၃	၂၈နှစ်	ဘဏ္ဍာရေးမှူး	-
၅။	ဒေါ်နန်းလှထွန်း	ဦးဆွဲငင်းရီ	၁၃/မဆတ(နိုင်)၀၅၂၉၆၂	၃၆နှစ်	သော့ကိုင်-၁	-
၆။	ဦးစိုင်းယီကျန်	ဦးထမ်းရွက်	၁၃/မဆတ(နိုင်)၀၅၃၇၉၆	၃၈နှစ်	သော့ကိုင်-၂	-
၇။	ဒေါ်နန်းခမ်းရင်	ဦးဆန်အောင်	၁၃/မဆတ(နိုင်)၀၅၉၆၆၂	၂၆နှစ်	အဖွဲ့ဝင်	-

Scanned with CamScanner

ကျေးရွာမှ အဆုပ်ပြုသော စမချကများအတွက် ဥးစားပေး အမှတ်ပေးဇယား

မူဆယ်မြို့နယ်၊နောင်ဆိုင်ကျေးရွာအုပ်စု၊မန်ဟိုင်းကျေးရွာ

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၅)	အဖွဲ့ (၆)	အဖွဲ့ (၇)	စုစုပေါင်း ရမှတ်	အဆင့်
၁။	ရွာတွင်းပတ်လမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၇၀	၁
၂။	လျှပ်စစ်မီးသွယ်တန်းခြင်း	၆	၄	၁	၄	၅	၉	၇	၃၆	၄
၃။	ကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်း	၉	၉	၁၀	၉	၉	၁၀	၉	၆၅	၂
၄။	ကျေးရွာခန်းမ တိုးချဲ့ပြုပြင်ခြင်း	၈	၇	၅	၇	၁၀	၅	၆	၄၈	၃

Scanned with CamScanner

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (နောင်ဆိုင်ကျေးရွာအုပ်စု၊ မန့်ဟိုင်းကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုချက်နှင့် လုပ်ငန်းများ
၁။	ရွာတွင်းလမ်းသည် ကျောက်ချော လမ်းဖြစ်ပြီး ရေမြောင်းများမရှိ သည့်အတွက် လမ်းပျက်ခြင်းများ ဖြစ်ပေါ်နေခြင်း၊	ရွာတွင်းလမ်း မကောင်းခြင်း၊	ကျေးရွာသူ/သား များမှ လမ်းပြုပြင် ရန် စိတ်အားထက် သန်ခြင်း၊	ငွေကြေး မတတ်နိုင် ခြင်း၊	ရွာတွင်းလမ်းများအား ကွန်ကရစ် လမ်းဖြင့် ရေမြောင်းခြင်း၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ် ဆက်ပေးခြင်း၊	ရွာတွင်းလမ်းများအား ကွန်ကရစ် လမ်းခင်းခြင်း၊
၂။	လျှပ်စစ်မီးအား တရုတ်မီးဖြင့် အသုံးပြု၍ အဆင်ပြေနေသော် လည်း သုံးစွဲနှုန်းခမှာ များပြား သဖြင့် ချွေတာစွာ အသုံးပြု နေရခြင်း၊	ရွာအတွင်း မီးသုံးစွဲ နှုန်းခမှာ များပြားနေခြင်း၊	ကျေးရွာမှတက်ကြွ စွာ ပါဝင်လုပ်ကိုင် ပေးခြင်း၊	လျှပ်စစ်မီး အား တစ်ရွာ လုံးအသုံးမ ပြုနိုင်ခြင်း၊	လျှပ်စစ်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊	လျှပ်စစ်မီးရရှိစေပြီး တစ်ရွာလုံးအား မီးလင်းစေခြင်း၊
၃။	သွားလာရန် ခက်ခဲခြင်း၊	မိုးများသည့်အခါ သွားလာရန် ခက်ခဲခြင်း၊	ကျေးရွာမှတက်ကြွ စွာ ပါဝင်လုပ်ကိုင် ပေးခြင်း၊	ငွေကြေး မတတ်နိုင် ခြင်း၊	ကျေးလက်လမ်းဦးစီးဌာနအား တင်ပြတောင်းခံခြင်း၊	ကျေးရွာတွင် ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊
၄။	နားခိုရာအဆောက်အဦ အတွက် နေရာအခက်အခဲ ဖြစ်နေခြင်း၊	နေရာအခက်ခဲဖြစ် နေခြင်း၊	သာရေး/နာရေး များတွင် စုပေါင်း ပါဝင်နိုင်ခြင်း၊	ရန်ပုံငွေမလုံ လောက်ခြင်း၊	အလှူငွေစုပေါင်း ထည့်ဝင်ခြင်း၊ အစုဖွဲ့၍အင်တိုက်အား တိုက် ဆောင်ရွက်ခြင်း၊	နားခိုရန်အတွက် ခန်းမ တည်ဆောက်ခြင်း၊

Scanned with CamScanner


မူဆယ်မြို့နယ်၊နောင်ဆိုင်ကျေးရွာအုပ်စု၊မန်ဟိုင်းကျေးရွာ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁။	ရွာတွင်းပတ်လမ်းကွန်ကရစ်ခင်းခြင်း	၁	✓				
၂။	လျှပ်စစ်မီးသွယ်တန်းခြင်း	၄				✓	
၃။	ကွန်ကရစ်တံတား(၂)စင်း တည်ဆောက်ခြင်း	၂		✓			
၄။	ကျေးရွာခန်းမ တိုးချဲ့ပြုပြင်ခြင်း	၃			✓		

Scanned with CamScanner

ဦးဆယ်ကြီးနယ်၊ ခေါင်ဆိုင်ကျေးကွာအုပ်စု၊ မန်ဟိုင်းကျေးကွာ

အကွက်ပြေပုံ



Scanned with CamScanner


ရာသီခွင် ပြက္ခဒိန်

မန်ဟိုင်းကျေးရွာ

စဉ်	လများ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
၁။	ရာသီဥတု(နေပူချိန်)												
၂။	ရာသီဥတု(မိုးရွာခြင်း)												
၃။	စိုက်ပျိုးရေး												
၄။	ဝင်ငွေ		-	-	-	-		-	-		-	-	-
၅။	ရေရှားပါးမှု												
၆။	ရောဂါ(လူ)	-								-	-	-	-
၇။	ရောဂါ(တိရိစ္ဆာန်)		-	-	-	-	-	-	-	-	-	-	
၈။	ပွဲတော်			-	-	-	-				-	-	-
၉။	သဘာဝဘေး	-	-	-	-	-	-	-	-	-	-	-	-

Scanned with CamScanner

ဆက်စပ်မှုပြုပုံ



Scanned with CamScanner

ရက်စွဲ။၂၀၁၈ခုနှစ် အောက်တိုဘာ လ ရက်

၁။နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူသမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များ၏အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

Scanned with CamScanner

ပုဂ္ဂလိကအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်ဒဏ်ခံနိုင်စွမ်းရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌာနတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူအရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံ

Scanned with CamScanner

ကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများအဓိကပြည့်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ပထဝီအနေအထားနှင့်သဘာဝသံယောဇဉ်တအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်မူဆယ်၊နမ့်ခမ်းသွားသော လမ်းမကြီးဘေးမှ အနည်းငယ်ဝင်သွားရပြီး မူဆယ်မြို့နယ်နှင့် (၆)မိုင်ခန့် ကွာဝေးပါသည်။ကျေးရွာသည်တောင်ပေါ်ဒေသတွင်တည်ရှိပြီး မိုးရာသီတွင် မိုးများသော်လည်း ရေဝင်မှုကင်းလွတ်ပါသည်။ကျေးရွာ၏အသက်မွေးဝမ်းကျောင်းမှာ လယ်ယာမြေစိုက်ပျိုးခြင်းကို အဓိကအားထား၍စိုက်ပျိုးကြပါသည်။

(ခ)သဘာဝအရင်းအမြစ်

လယ်ယာမြေကိုအဓိကထားပြီးစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သယံဇာတမထွက်ရှိပါ။ တောင်သူများတွင်စိမ့်စမ်းရေနှင့်မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပါသည်။

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၈၅)စု၊ ကျား(၁၅၃)၊ မ(၁၆၄)ရှိပြီး လူဦးရေစုစုပေါင်း(၃၁၇)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် လူငယ် လူရွယ်အများဆုံးရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသောကြောင့် ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေနှင့် ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါသည်။ ဆင်းရဲချမ်းသာသတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၁၄) အိမ်ထောင်စုမှာ ဆင်းရဲသူများဖြစ်ပြီး၊ အလယ်အလတ်အဆင့်ရှိအိမ်ထောင်စုမှာ (၆၁)ဦးဖြစ်ပြီး အဆင်ပြေအဆင့်အိမ်ထောင်စုမှာ(၁၀)ဦးရှိပြီး၊ အလွန်ဆင်းရဲသောအိမ်ထောင်စုမရှိပါ။

ကျေးရွာသည်စိုက်ပျိုးရေးကိုသာ စိုက်ပျိုးကြသောကြောင့် ချမ်းသာသောလယ်သမားအိမ်ထောင်စုများနည်းပါးပြီး တချို့အိမ်ထောင်စုများမှာ အရောင်းအဝယ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာတွင် နေ့စားအလုပ်သမားများရှိကြပြီး အလယ်အလတ်ရှိအိမ်ထောင်စုများနှင့် အဆင်မပြေအိမ်ထောင်စုများလည်း ရှိကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

Scanned with CamScanner

ကျေးရွာတွင်မြေယာရှိသော အိမ်ထောင်စုများမှာ လယ်မြေစိုက်ပျိုးခြင်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လေ့လာဆန်းစစ်မှုအရ မြေယာမဲ့ အိမ်ထောင်စုနည်းပါးသော ကြောင့် အလွန်ဆင်းရဲသည့် အိမ်ထောင်စုများ နည်းပါးကြပါသည်။

အမျိုးသမီးဦးဆောင်သော်လည်း မိသားစုဝင်ငွေနည်းပါးပါသည်။ ကျေးရွာတွင် မြေယာ ပိုင်ဆိုင်မှုမရှိသောသူများသည် မြေယာပိုင်ဆိုင်သူများ၏ လယ်မြေများတွင် နေ့စားအလုပ်လုပ်ကြပြီး တချို့မှာ တရုတ်ပြည်သို့ သွားရောက်၍ အလုပ်လုပ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကျေးရွာအနီးကျန်းမာရေးဌာနမှ တစ်နှစ်တစ်ခါလာရောက်ပြီး ကလေးငယ် များအား ကာကွယ်ဆေးလာရောက်ထိုးပေးကြပါသည်။ကလေးငယ်အများစုလည်း ကျန်းမာကြ သည်။ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ဆီးချို၊သွေးတိုး၊ အသည်းရောဂါ ဖြစ်ပွားမှုမှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြောင်းတွေ့ရသည်။ ကျေးရွာသူ/သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရှိကြပြီး ရွာ၏အနီးတွင် ကျေးလက်ကျန်းမာရေးဆေးခန်းရှိ ကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် မူလတန်းကျောင်းအဆင့်သာရှိပါသည်။ ရွာသားအ များစုသည် အခြေခံအရေး၊ အဖတ်၊အတွက်တတ်မြောက်မှုအသင့်အတင့်ရှိပြီး ဘွဲ့ရပညာတတ် အရေ အတွက် အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင်အခြေခံပညာရေးကိုရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြပြီး အထက်တန်းကျောင်းကို မူဆယ်မြို့သို့ သွားရောက်သင်ကြားရပါ သည်။ ပညာတက်လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်ပါသည်။

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင်ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မရေးရာ တာဝန်ယူမှုအပိုင်းတွင်းလည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာ သတ်မှတ်ထား ကြသည်။ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုခွဲခြားဆက်ဆံ ခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသားများသာ တက်ကြွစွာ ပူးပေါင်းပါဝင်မှု အား ကောင်းပြီး အမျိုးသမီးများ ပူးပေါင်းပါဝင်မှုမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုများရှိပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

Scanned with CamScanner

ကျေးရွာတွင်လူငယ်အဖွဲ့၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များရှိကြပါသည်။ ကျေးရွာလူငယ်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးအဖွဲ့နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များမှ ပွဲလမ်းသဘင် သာရေး/နာရေးများအား တက်ကြွစွာ ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ကြပါသည်။ ငွေကြေးဆိုင်ရာကိစ္စရပ်များကို မြစိမ်းရောင်အဖွဲ့မှ ကျေးလက် ဦးစီးဌာနနှင့် ပူးပေါင်းပြီးတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါမည်။

(ခ)သီးနှံထုတ်လုပ်ရေး

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။ စပါးစိုက်ပျိုးမြေကမှာ (၆၃) ဧက ရှိပြီး (၁)ကေလျှင် အများဆုံး(၁၈၀)တင်းထွက်ပြီး အနည်းဆုံးမှာ (၇၅)တင်း ထွက်ရှိပါသည်။ ပြောင်းအထွက်နှုန်းမှာ (၁)ကေလျှင် အများဆုံး (၅)တန်ထွက်ပြီး အနည်းဆုံးမှာ (၂.၅)တန် ထွက်ရှိပါသည်။ ကြံစိုက်ပျိုးကေမှာ(၃၅)ကေရှိပါသည်။အကျိုးအမြတ်ရရှိမှုအားဖြင့် အသင့်အတင့်သာရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှာ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းများ လာရောက်သင်တန်းပေးခြင်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းကဏ္ဍ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများတို့ဖြစ်ကြပါသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအများမှ အသင့်အတင့်အနေအထားတွင် ရှိပါသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမရှိသောကြောင့် တရုတ်ပြည်သို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းဖြစ်ပြီး အုတ်ကာသွပ်မိုး အဆောက်အဦး ဖြစ်ပါသည်။ ရွာသားအချို့မှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၃ပုံ၁ပုံမှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်သူရာခိုင်နှုန်းမြင့်မားသည်။ စာသင်ကျောင်းဆောင်သည် ကောင်းမွန်သော်လည်း ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ မူလတန်းပြဆရာ/မ (၅)ဦး ရှိကြသည်။ ကျောင်းတွင်မူလတန်းကျောင်းသူ/သား (၄၃)ဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိပါသည်။

ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသူ/သားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးမှုများရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ကျေးရွာအနီးစယ်လန့်ကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ရပါသည်။

Scanned with CamScanner

သောက်ရေအတွက်စိမ့်စမ်းရေသွယ်ပြုလုပ်ထားသောကြောင့်ရေလုံလောက်မှုရှိသည်။ချမ်းသာသောအိမ်ထောင်စုများကအိမ်သာကျင်းကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီးဆင်းရဲသောအိမ်ထောင်စုများက ဝါးထရံဖြင့်ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲ ကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။တွင်းရှိ အိမ်သာ သုံးစွဲသော အိမ်ထောင်စု(၁၂)စု ရှိပါသည်။ စာသင်ကျောင်းတွင်လည်းကျောင်းအိမ်သာ စနစ်တကျ ဆောက်လုပ်ထားပါသည်။

(c) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်လမ်းများဖြစ်ပြီး လမ်းအမျိုးအစားအားဖြင့် ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများရှိပါသည်။တချို့သော လမ်းများသည် မိုးရာသီတွင် မိုးများလျှင် သွားလာရခက်ခဲပါသည်။ထော်လာဂျီများကိုအသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၇၅)စီးနှင့် ထော်လာဂျီ(၄၉)စီးနှင့် ကား(၂၀)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။ စက်ဘီးများကို အသုံးမပြုကြောင်း တွေ့ရှိရပါသည်။

(စ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသူ/သားများသည် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များ ရယူချိတ်ဆက်မှုမှာ မိုဘိုင်းတယ်လီဖုန်း (၈၁)လုံး ၊ တီဗွီ(၇၄)လုံးဖြင့်ဆက်သွယ်ချိတ်ဆက်ပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ဆက်သွယ်ရေးဖုန်းလိုင်းများရှိသော်လည်း ဖုန်းလိုင်းများ မကြာခဏပြတ်တောက်မှုရှိပါသည်။

၅။ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင်တချို့သော ကျေးရွာ/သားများမှာ အစိုးရမှချပေးသော ဆိုလာပြားများကိုအသုံးပြုကြပြီး၊ တချို့မှာ တရုတ်ပြည်ပမှပေးသော လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ တရုတ်ပြည်ပမှပေးသော လျှပ်စစ်မီးသည်သုံးစွဲခစျေးကြီးကြောင်း တချို့သော ကျေးရွာ/သားများမှာ အစိုးရမှ ချပေးသော ဆိုလာပြားများကို အသုံးပြုကြပြီး၊တချို့မှာ တရုတ်ပြည်ပမှပေးသော လျှပ်စစ်မီးကို အသုံးပြုကြပါသည်။တရုတ်ပြည်ပမှပေးသော လျှပ်စစ်မီးသည် သုံးစွဲခစျေးကြီးသောကြောင့် အသုံးမပြုနိုင်ခြင်းရှိပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားလုံးကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလို့ရရန်အတွက်လည်း မူဆယ်ဆေးရုံသို့ သွားရောက်

Scanned with CamScanner

ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိ ပညာရေးအနေအထားအတွက် အသင့်အတင့်သောအဆင့်တွင် ရှိနေကြသည်။

ကျေးရွာတွင် တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။

ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကိုမရနိုင်ပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန် လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပံ့မှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိပညာ၊ အထိအတွေ့ကိုအားနည်းပြီး နေ့စားအလုပ်သမားများ များပြားပါသည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

က-၁)

ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

က-၂)

ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှ တစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က-၃)

Scanned with CamScanner

ကျွန်ုပ်တို့ ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုတစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(က) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည်အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးကိုတိုးချဲ့ဆောင်ရွက်သွားမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ နည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာပန်းထိုး၊ ဆံပင်ညှပ်၊ စက်ပြင်စသည့် သင်တန်းများကို ကျေးရွာသူ/သား တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ကျေးရွာသူ/သားများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားပါသည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီးဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အလယ်တန်းကျောင်းရရှိရေးနှင့် ဘာသာအလိုက် ကျွမ်းကျင်ပြည့်ဝသော ဆရာ/မ ခန့်ထားရေးဆောင်ရွက်သွားမည်။ ထို့အပြင် ကျေးရွာစာသင်ကျောင်းကို တိုးတက်ကောင်းမွန်စေရေးနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်စေရေးအတွက် ချိတ်ဆက်ဆောင်ရွက်သွား မည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာစျေးဆောက်လုပ်ကာကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကို

Scanned with CamScanner

လည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ဂ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့်ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင်ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

၇။စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံကိန်း၊ စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည်ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍာနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြမ်းခြင်း

စီမံကိန်း၊ စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(functional classification)ဖြင့် ဝန်ကြီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ

Scanned with CamScanner

ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြမ်းသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များ အလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်နှင့် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

၈။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အမှန်တစ်ကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်ကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများလိုအပ်ပါသည်။ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

၉။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

